# YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

**Press Release**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သို့ ပြေးဆွဲပျံသန်းသည့် ၃၁ ခုမြောက် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းအနေဖြင့် Sichuan Airlines မှ ရှီးအန်း ←→ ရန်ကုန် ခရီးစဉ်ကို စတင်ပြေးဆွဲ

**ရန်ကုန်- နိုဝင်ဘာ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်** - ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သို့ ပြေးဆွဲပျံသန်းသည့် ၃၁ ခုမြောက်သော အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြစ်သည့် Sichuan Airlines မှ ရှီးအန်း - ရန်ကုန် ခရီးစဉ်ကို နိုဝင်ဘာလ ၁၃ ရက်တွင် စတင်ပြေးဆွဲလိုက်ပြီဖြစ်ပါသည်။

Sichuan Airlines သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် တရုတ်နိုင်ငံသမိုင်းတွင် ထင်ရှားကျော်ကြားသော ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သည့် ရှီးအန်းမြို့ကို တစ်ပတ်လျှင် သုံးကြိမ်ပြေးဆွဲပျံသန်းသွားမည်ဖြစ်ပြီး ခရီးသည် ၁၆၃ ဦး တင်ဆောင်နိုင်သည့် Airbus A320 အမျိုးအစားလေယာဉ်ဖြင့် ပြေးဆွဲပျံသန်းသွားမည်ဖြစ်ပါသည်။ ဤ ရှီးအန်း - ရန်ကုန် အပြန်အလှန် တိုက်ရိုက်ခရီးစဉ်သစ်အတွက် လက်မှတ်များကို ရန်ကုန် - ရှီးအန်း ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၂၀ ဒေါ်လာ (အခွန်မပါ) နှင့် ရန်ကုန် - ရှီးအန်း အသွားအပြန် ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၇၀ ဒေါ်လာ (အခွန်မပါ) တို့မှ စတင်ဝယ်ယူစီးနင်းနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ခရီးသွားအေဂျင်စီများ နှင့် Sichuan Airlines ၏ official website www.sichuanair.com တို့မှတစ်ဆင့် ဝယ်ယူနိုင်မည်ဖြစ်ပါသည်။

Sichuan Airlines ၏ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တိုးချဲ့ပြေးဆွဲမှုနှင့်အတူ လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၂၉ ခု ပြေးဆွဲပျံသန်းလျက် ရှိပါသည်။ တရုတ်နိုင်ငံသားခရီးသည်များအား ဆိုက်ရောက်ဗီဇာခွင့်ပြုခြင်း နှင့် ဂျပန် နှင့် တောင်ကိုရီးယားနိုင်ငံသားခရီးသည်များအား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုလိုက်ပြီးနောက် အဆိုပါနိုင်ငံများမှ ခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက်မှု တိုးတက်လျက်ရှိပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့်လည်း မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းပြေးဆွဲလာစေရန် ဖိတ်ခေါ်လျက်ရှိပြီး ခရီးစဉ်အသစ်များ တိုးချဲ့ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ Sichuan Airlines မှ ဤခရီးစဉ်သစ်ကို စတင်နိုင်ခြင်းနှင့်အတူ အခြားသော ခရီးစဉ်သစ်များကိုလည်း တိုးချဲ့ပျံသန်းနိုင်ပါစေကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။




*ခရီးစဉ်သစ်စတင်ပြေးဆွဲပွဲသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် နိုဝင်ဘာလ ၁၃ ရက်က ကျင်းပပြုလုပ်ခဲ့သည်။*

**Flight Schedule (Local Time)**

| | **Tuesday/ Thursday/ Saturday** | |
|---|---|---|
| **Flight No.** | **Departure** | **Arrival** |
| **3U8867** | XIY (08:35) | RGN (10:55) |
| **3U8868** | RGN (12:45) | XIY (17:25) |

## ခရီးစဉ်သစ်စတင်ပြေးဆွဲပုံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျင်းပပြုလုပ်

ခရီးစဉ်သစ်စတင်ပြေးဆွဲပုံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို Terminal 1 တွင် ကျင်းပပြုလုပ်ခဲ့ပြီး Sichuan Airlines ၏ Chief Representative in Myanmar Mr. Hu Wei ၊ Mandalay Station Manager Mr. Wang Futian နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

Yangon Aerodrome Company Limited (YACL) ၏ Chief Operating Officer Mr. Jose Angeja မှလည်း "ဒီနေ့ Sichuan Air က မြန်မာနိုင်ငံရဲ့ စီးပွားရေးအချက်အချာဖြစ်တဲ့ ရန်ကုန်မြို့နဲ့ တရုတ်နိုင်ငံရဲ့ အနောက်မြောက်ဘက်ဒေသမှာ အကြီးဆုံးဖြစ်ပြီး တရုတ်နိုင်ငံသမိုင်းမှာ ထင်ရှားကျော်ကြားတဲ့ ရှေးဟောင်းမြို့တော်တစ်ခုဖြစ်တဲ့ ရှီးအန်းမြို့နဲ့ ထပ်မံဆက်သွယ်ပေးလိုက်ပြန်ပါပြီ။ ဒီလိုထပ်မံဆက်သွယ်ပေးလိုက်ခြင်းဟာ ပိုမိုခရီးသွားလာပြီး စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ဆောင်ဖို့၊ ယဉ်ကျေးမှုတွေဖလှယ်ဖို့၊ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် အခြားကဏ္ဍတွေအတွက်ပါ တိုးတက်မှုတွေဖြစ်ပေါ်လာစေဖို့ အခွင့်အလမ်းတစ်ခုပါပဲ။ မြန်မာနိုင်ငံကို ခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်ပြီး မြန်မာနိုင်ငံရဲ့ သဘာဝအလှတွေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ အဆင့်မြှင့်တင်တိုးချဲ့ထားတဲ့ ဝန်ဆောင်မှုတွေကို တွေ့ကြုံခံစားနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။" ဟု ပြောကြားသွားခဲ့ပါသည်။

Sichuan Airlines ၏ Chief Representative in Myanmar Mr. Hu Wei မှလည်း "Sichuan Air က ရန်ကုန် နဲ့ ရှီးအန်းကို ထပ်မံချိတ်ဆက်ပေးမှုနဲ့အတူ မြန်မာနိုင်ငံကို တရုတ်ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်နိုင်ကြမှာဖြစ်ပြီး နှစ်နိုင်ငံကြား ချိတ်ဆက်မှု နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုပြီး ခိုင်ခိုင်မာမာတိုးမြှင့်ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ Sichuan Airlines အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှာ မန္တလေး - ကူမင်း ခရီးစဉ်ကို စတင်ပြေးဆွဲပေးခဲ့ပြီးဖြစ်ပြီး ရန်ကုန် - ရှီးအန်း ခရီးစဉ်ဟာ Sichuan Airlines ရဲ့ မြန်မာနိုင်ငံကို ဒုတိယမြောက်ပြေးဆွဲတဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ရန်ကုန် - ဟန်ကျိုး ခရီးစဉ်သစ်တွေကိုလည်း ဒီနှစ် ဒီဇင်ဘာလမှာ စတင်ပြေးဆွဲသွားတော့မှာ ဖြစ်ပါတယ်။" ဟု ပြောကြားသွားခဲ့ပါသည်။

**About Sichuan Airlines**

Sichuan Airlines သည် ချန်ဒူး၊ စီချွမ်ပြည်နယ်ရှိ ချန်ဒူး ရွှမ်းလျို အပြည်ပြည်ဆိုင်ရာလေဆိပ်အခြေစိုက်လေကြောင်းလိုင်းတစ်ခုဖြစ်ပြီး ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်မှစတင်၍ ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို ပြေးဆွဲပျံသန်းလျက်ရှိပါသည်။ တရုတ်နိုင်ငံရှိ အထင်ကရလေကြောင်းလိုင်းများထဲမှ တစ်ခုဖြစ်သည့် Sichuan Airlines သည် ဘေးကင်းလုံခြုံမှုကို ပဓာနထား၍ ခရီးစဉ်များ ပြေးဆွဲပျံသန်းလျက်ရှိသည်မှာ နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

Sichuan Airlines သည် တရုတ်နိုင်ငံ အနောက်ပိုင်းတွင် နံပါတ်တစ် လေကြောင်းလိုင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ အဓိက ပုဂ္ဂလိကလေကြောင်းလိုင်းများအနက် နံပါတ်ငါး လေကြောင်းလိုင်းအဖြစ်ရပ်တည်လျက်ရှိပါသည်။ လက်ရှိကာလတွင် လေယာဉ်အစင်း ၁၄၀ ကျော်ဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးစဉ်ပေါင်း ၂၇၀ ကျော်ကို ပြေးဆွဲပျံသန်းလျက်ရှိပြီး အာရှ၊ ဥရောပ၊ မြောက်အမေရိက နှင့် အာဖရိကဒေသများသို့ ခရီးစဉ်များ ပြေးဆွဲပျံသန်းလျက်ရှိပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

### *Setting the standard for high performance*

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နှစ်စဉ် တိုးတက်လာသော ခရီးသည်ပမာဏနှင့်အညီ ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး ဘန်ကောက်၊ စင်္ကာပူ၊ ကွာလာလမ်ပူ၊ နာရီတာ၊ အင်ချွန်း၊ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင် နှင့် တိုင်ပေအစရှိသော မြို့ကြီး များနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၉ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်  အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။